


VOLUME X, ISSUE 1 — 1 November 2021


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ ကဏ္ဍအသီးသီးမှ အနုပညာရှင်များနှင့် တွေ့ဆုံ | ၃ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မရမ်းကုန်းမြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး | ၇ |
| ၄ | မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးများကျင်းပ | ၉ |
| ၅ | ကျန်းမာရေးဝန်ကြီးဌာနမှအသုံးပြုလျက်ရှိသည့် ကာကွယ်ဆေးထိုးသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (VMIS)သည် Asian-Oceanian Computing Industry Organization (ASOCIO)အဖွဲ့အစည်းမှချီးမြှင့်သည့် Digital Government Award ဆုရရှိ | ၁၀ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၁၁ |
| ၇ | အကြမ်းဖက်သမားများ၏ ပြည်သူလူထုကိုဦးတည်၍ ပစ်မှတ်ထားတိုက်ခိုက်နေမှုကို ရှုတ်ချကြောင်း OMNI FOCUS ကုမ္ပဏီမှထုတ်ပြန် | ၁၃ |
| ၈ | အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင် | ၁၄ |
| ၉ | တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများဆက်လက်ပြုလုပ် | ၁၈ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ အောက်တိုဘာလ ၃၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် တာဝန်ရှိသူများက လိုဏ်ဂူတော်ကြီး ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာတွင်-

- လိုဏ်ဂူတော်ကြီးသည် ဘာသာရေးအရ အထွဋ်အမြတ်ထားသည့် နေရာတစ်ခုဖြစ်သကဲ့သို့ သမိုင်းဝင်အဆောက်အဦတစ်ခုဖြစ်သဖြင့် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျသုတေသနပြုလုပ်ဆောင်ရွက်ကြရန်လိုကြောင်း။
- အပေါ်ယံပျက်စီးယိုယွင်းမှုများကို ပြုပြင်မွမ်းမံခြင်းမဟုတ်ဘဲ ရှေးမူလက်ရာများကို မပျက်စီးအောင်ထိန်းသိမ်း၍ ခေတ်နှင့်လျော်ညီသည့်စနစ်များနှင့် ရေရှည်တည်တံ့ကောင်းမွန်စေနိုင်မည့်စနစ်များကို ထည့်သွင်းတွက်ချက် ပြုပြင်ဆောင်ရွက်ရန်လိုပြီး ပြုပြင်မွမ်းမံမည့်ဒီဇိုင်းများနှင့် အသုံးပြုမည့်ပစ္စည်းများကို အသေးစိတ်စဉ်းစားတွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း။
- ပြုပြင်မှုများဆောင်ရွက်ရာတွင် ငွေကြေးနှင့် အချိန်ထက် ရေရှည်တည်တံ့စေရေး အပိုင်းလိုက်ခွဲ၍ စနစ်တကျဖြင့် Fully Renovation ဆောင်ရွက်ရန်လိုကြောင်းနှင့် အခြားဘာသာဝင်များ၏ အထင်ကရသမိုင်းဝင် အဆောက်အဦများကိုလည်း ပြုပြင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း မှာကြားခဲ့။

ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသည် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေပေါ်တွင်တည်ရှိပြီး ၁၉၅၄ ခုနှစ်၊ မေ ၁၀ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး သမိုင်းဝင်ဆဋ္ဌသင်္ဂါယနာတင်ခြင်းအပါအဝင် ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သည့်အခမ်းအနားကြီးများကိုလည်း ကျင်းပပြုလုပ်ခဲ့ပါသည်။ ယခုအခါ လိုဏ်ဂူတော်ကြီး၏သက်တမ်းမှာ ၆၇ နှစ်ရှိပြီဖြစ်ပြီး ယိုယွင်းပျက်စီးမှုများဖြစ်ပေါ်လာသဖြင့် အကြီးစားပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိရာ ၅၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၁)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဆင္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးနေသည့် မှတ်တမ်းဓာတ်ပုံများ









- လိုဏ်ဂူတော်ကြီးသည် ဘာသာရေးအရ အထွဋ်အမြတ်ထားသည့်နေရာတစ်ခုဖြစ်သကဲ့သို့ သမိုင်းဝင်အဆောက်အဦ တစ်ခုဖြစ်သဖြင့် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျသုတေသနပြုလုပ်ဆောင်ရွက်ကြရန်လို။
- အပေါ်ယံပျက်စီးယိုယွင်းမှုများကို ပြုပြင်မွမ်းမံခြင်းမဟုတ်ဘဲ ရှေးမူလက်ရာများကို မပျက်စီးအောင်ထိန်းသိမ်း၍ ခေတ်နှင့်လျော်ညီသည့်စနစ်များနှင့် ရေရှည်တည်တံ့ကောင်းမွန်စေနိုင်မည့်စနစ်များကို ထည့်သွင်းတွက်ချက် ပြုပြင်ဆောင်ရွက်ရန်လိုပြီး ပြုပြင်မွမ်းမံမည့်ဒီဇိုင်းများနှင့် အသုံးပြုမည့်ပစ္စည်းများကို အသေးစိတ်စဉ်းစားတွက်ချက် ဆောင်ရွက်ကြရန်လို။
- ပြုပြင်မှုများဆောင်ရွက်ရာတွင် ငွေကြေးနှင့်အချိန်ထက် ရေရှည်တည်တံ့စေရေး အပိုင်းလိုက်ခွဲ၍ စနစ်တကျဖြင့် **Fully Renovation** ဆောင်ရွက်ရန်လိုကြောင်းနှင့် အခြားဘာသာဝင်များ၏ အထင်ကရသမိုင်းဝင် အဆောက်အဦများ ကိုလည်းပြုပြင်ဆောင်ရွက်ပေးသွားရမည်ဖြစ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ ကဏ္ဍအသီးသီးမှ အနုပညာရှင်များနှင့် တွေ့ဆုံ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၃၁ ရက်တွင် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန် ညှိနှိုင်းခန်းမဆောင်၌တွေ့ဆုံပြီး စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတပိုင်းဆိုင်ရာကဏ္ဍများမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ရာ-

- စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် အဖွဲ့အစည်းများသည် သမိုင်းကြောင်းရှိသည့်အဖွဲ့အစည်းများဖြစ်ပြီး လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက်တွင် စာပေနှင့်ပတ်သက်သည့် ပုဂ္ဂိုလ်များနှင့် အနုပညာနှင့်ပတ်သက်သည့် ပုဂ္ဂိုလ်များက လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ရာ၌ လှုံ့ဆော်မှုများတွင် နိုင်ငံရေးအရ ပါဝင်ဆောင်ရွက်ပေးခဲ့ကြကြောင်း။
- အဆိုပါအဖွဲ့အစည်းများသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် နိုင်ငံရေးအရ ပါဝင်ဆောင်ရွက်ခဲ့ကြသကဲ့သို့ လွတ်လပ်ရေးရရှိပြီးချိန်နောက်ပိုင်းတွင်လည်း နိုင်ငံတိုးတက်ရေးအတွက် အစိုးရ၏မူဝါဒများအပေါ်မူတည်၍ လှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း။
- အနုပညာရှင်များအားလုံးသည် ပြည်သူများအားလုံး၏ Motivation စိတ်ခံစားမှုများကို တက်ကြွအောင်ဆောင်ရွက်ပေးပြီး ခေတ်ရေစီးကြောင်းတွင် ပါဝင်လာအောင် ဆောင်ရွက်ပေးရသည့်အဖွဲ့အစည်းများဖြစ်သလို ခေတ်အဆက်ဆက် ပြည်သူလူထုကို ဖျော်ဖြေရာတွင်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်း၍ နိုင်ငံ၏ရေစီးကြောင်းပေါ်တွင် ပါလာအောင် ဆောင်ရွက်ခဲ့ကြသည့်အဖွဲ့အစည်းများဖြစ်ကြောင်း။
- အနုပညာရှင်(ဝါဂီနစ်)များသည် ခေတ်၏လိုအပ်ချက်များအတိုင်း နိုင်ငံ၏အကျိုးကို ဆောင်ရွက်ခဲ့ကြသူများဖြစ်ပြီး သမိုင်းမှတ်တမ်းများအရလည်း နိုင်ငံ့အကျိုးကို ဆောင်ရွက်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။
- စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးများရှိ ဆောင်ပုဒ်များသည် တိုင်းပြည်အတွက် ဆောင်ရွက်သည့် ရည်ရွယ်ချက်များပင်ဖြစ်ကြောင်း။
- ယခုအချိန်တွင် စာပေနှင့်ပတ်သက်၍ ပုံနှိပ်မီဒီယာများ၏ အခန်းကဏ္ဍကျဆင်းလာပြီး အွန်လိုင်းမီဒီယာများ၏ အခန်းကဏ္ဍများစိုးမိုးလာသည်ကိုတွေ့ရပြီး ယဉ်ကျေးမှုနှင့်ပတ်သက်၍ ရုပ်ရှင်ကြီးများ၏အခန်းကဏ္ဍ ကျဆင်းလာသကဲ့သို့ ဂီတနှင့်ပတ်သက်၍လည်း အနောက်နိုင်ငံများ၏ ဂီတများ လွှမ်းခြုံလာသည်ကို သတိပြုမိကြောင်း။
- ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်စေရန်အတွက် ပညာရေးစနစ်ကောင်းမွန်ရန်လိုပြီး ပညာတတ်မှသာ အသိပညာအတတ်ပညာများရရှိမည်ဖြစ်သဖြင့် အနုပညာရှင်များအနေဖြင့် မိမိတို့နိုင်ငံတိုးတက်ရေးအတွက် အဓိကအရေးကြီးသည့် ပညာရေးနှင့်ပတ်သက်၍ ဝိုင်းဝန်းနှိုးဆော်တိုက်တွန်းပေးကြစေလိုကြောင်း။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် စာပေ၊ ရုပ်ရှင်၊ သဘင်နှင့် ဂီတအနုပညာရပ်ဝန်းအသီးသီးအတွက် ရန်ပုံငွေပေးအပ်နေမှု**

- ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် မိမိတို့နိုင်ငံ၏ အဓိက အခက်အခဲမှာ ပစ္စည်းများစုံလင်မှုမရှိခြင်းနှင့် ဆေးဝါးပစ္စည်း များစုံလင်မှုမရှိခြင်း၊ လူသားအရင်းအမြစ်နည်းပါးခြင်းတို့ ကြောင့် အကြပ်အတည်းများဖြစ်ပေါ်ခဲ့သော်လည်း ယခု အခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ ကျဆင်းသွားပြီဖြစ်၍ ကိုဗစ်ကြောင့် တုံ့ဆိုင်းခဲ့ရသည့် နိုင်ငံ့ယန္တရားများပြန်လည် လည်ပတ်နိုင်ရေးအတွက်လည်း အနုပညာရှင်များအနေ ဖြင့် ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ကြစေလိုကြောင်း။
- မိမိတို့အနေဖြင့် တပ်မတော်မှ ပေးအပ်ထားသည့်ကတိ အတိုင်း ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိပြီး ရှေ့လုပ်ငန်းစဉ်များအား အကောင် အထည်ဖော်ဆောင်ရွက်ပြီးချိန်တွင် မိမိတို့နိုင်ငံ၏လမ်း ကြောင်းအား ပြန်လည်တည့်မတ်အောင် ဆောင်ရွက်ပေး မည်ဖြစ်ကြောင်း။
- တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် State Building၊ Nation Building များ တည်ဆောက်ရာတွင် အနုပညာရှင်များ၏ အခန်းကဏ္ဍမှာ အရေးကြီး၍ စာပေမှ တိုက်တွန်းချက်များ လုပ်ဆောင်ချက်များ များစွာဆောင် ရွက်နိုင်ပြီး ဂီတသည်လူများ၏ Mind Set ကိုပြုပြင်ပေးနိုင် သကဲ့သို့ နိုင်ငံကို ဖျက်ဆီးနိုင်မှုများလည်းရှိကြောင်း။
- ဖြစ်ပေါ်ခဲ့သည့်အခြေအနေများတွင် အချို့အနေဖြင့် စိတ်ခံ စားမှုနှင့် လှုံ့ဆော်မှုများကြောင့် မှားယွင်းမှုများရှိခဲ့သော် လည်း မိမိအနေဖြင့်ခွင့်လွှတ်ပေးပြီး အရေးယူထားသူများ အား ပြန်လွှတ်ပေးခဲ့ကြောင်း။
- အနုပညာနှင့်ပတ်သက်၍ ဆောင်ရွက်နေချိန်တွင် အနုပညာ ရှင်များအနေဖြင့် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းရပ် များသည် ပြည်သူလူထုအတွက် အကျိုးရှိစေနိုင်သည့် လုပ်ငန်းရပ်များဖြစ်ရန်လိုပြီး နိုင်ငံအားထိခိုက်မှုဖြစ်စေနိုင် သည့် လှုံ့ဆော်မှုမျိုး မဖြစ်ရန်လိုသကဲ့သို့ မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန် လိုကြောင်း။
- ၂၀၁၈ ခုနှစ်မှစတင်၍ ကျဆင်းခဲ့သည့်နိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာစေရန်အတွက် မိမိတို့အနေဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးမြှင့်မှုများနှင့် စိုက် ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိရိုးဖလာမှ ဖောက်ထွက်၍ ဆောင်ရွက်နိုင်မည်ဆိုပါက အခြေခံကောင်း များရှိသည့် မိမိတို့နိုင်ငံသည် လေးငါးနှစ်အတွင်း အာဆီယံ နိုင်ငံများထဲ၌ အလယ်အလတ်အဆင့်သို့ ရောက်ရှိနိုင် သကဲ့သို့ ၁၀ နှစ်ခန့်အတွင်း ထိပ်တန်းနိုင်ငံအဆင့်သို့ ရောက်ရှိနိုင်ကြောင်း။
- မိမိတို့နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာ များ မပျောက်ပျက်စေရေး ထိန်းသိမ်းဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရပ်ဝန်း အသီးသီးအတွက် ရန်ပုံငွေ ကျပ်သိန်း ၄,၀၀၀၊ ဆန်အိတ် ၁၀၀၊ ဆီပိဿာ ၅၀၀ နှင့် ပဲပိဿာ ၃၀၀ တို့အား ပေးအပ်ရာ သက် ဆိုင်ရာကဏ္ဍ အလိုက်တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး

နောက် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတကဏ္ဍအသီးသီးမှ အနုပညာရှင်များကိုယ်စား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကနှင့် ယာယီဦးစီးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ ရုပ်ဝန်းအသီးသီးမှ နိုင်ငံကျော်အနုပညာရှင်၊ အတတ်ပညာရှင်များအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၁)**

- **စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အဖွဲ့အစည်းများသည် သမိုင်းကြောင်းရှိသည့် အဖွဲ့အစည်းများဖြစ်ပြီး လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် နိုင်ငံရေးအရ ပါဝင်ဆောင်ရွက်ခဲ့ကြသကဲ့သို့ လွတ်လပ်ရေးရရှိပြီးချိန် နောက်ပိုင်းတွင်လည်း နိုင်ငံတိုးတက်ရေးအတွက် အစိုးရ၏မူဝါဒများအပေါ် မူတည်၍ လုပ်ရှားဆောင်ရွက်ခဲ့။**
- **အနုပညာရှင်များအားလုံးသည် ပြည်သူများအားလုံး၏ Motivation စိတ်ခံစားမှုများကို တက်ကြွအောင်ဆောင်ရွက်ပေးပြီး ခေတ်ရေစီးကြောင်းတွင်ပါဝင်လာအောင် ဆောင်ရွက်ပေးရသည့် အဖွဲ့အစည်းများဖြစ်သလိုမြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကိုထိန်းသိမ်း၍ နိုင်ငံ၏ရေစီးကြောင်းပေါ်တွင်ပါလာအောင် ဆောင်ရွက်ခဲ့ကြသည့်အဖွဲ့အစည်းများဖြစ်။**
- **ယဉ်ကျေးမှုနှင့်ပတ်သက်၍ ရုပ်ရှင်ကြီးများ၏အခန်းကဏ္ဍ ကျဆင်းလာသကဲ့သို့ ဂီတနှင့်ပတ်သက်၍လည်း အနောက်နိုင်ငံများ၏ ဂီတများလွှမ်းခြုံလာသည်ကို သတိပြုမိ။**
- **ပညာတတ်မှသာ အသိပညာအတတ်ပညာများရရှိမည်ဖြစ်သဖြင့် အနုပညာရှင်များအနေဖြင့် မိမိတို့နိုင်ငံတိုးတက်ရေးအတွက် အဓိကအရေးကြီးသည့်ပညာရေးနှင့်ပတ်သက်၍ ဝိုင်းဝန်းနှိုးဆော်တိုက်တွန်းပေးကြစေလို။**
- **မိမိတို့အနေဖြင့် တပ်မတော်မှ ပေးအပ်ထားသည့်ကတိအတိုင်း ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိပြီး ရှေ့လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးချိန်တွင် မိမိတို့နိုင်ငံ၏လမ်းကြောင်းအား ပြန်လည်တည့်မတ်အောင်ဆောင်ရွက်ပေးမည်ဖြစ်။**
- **အနုပညာရှင်များအနေဖြင့် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ပြည်သူလူထုအတွက် အကျိုးရှိစေနိုင်သည့် လုပ်ငန်းရပ်များဖြစ်ရန်လိုပြီး နိုင်ငံအားထိခိုက်မှုဖြစ်စေနိုင်သည့်လှုံ့ဆော်မှုမျိုး မဖြစ်ရန်လိုသကဲ့သို့မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်လို။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရပ်ဝန်းအသီးသီးအတွက် ရန်ပုံငွေ ကျပ်သိန်း ၄,၀၀၀၊ ဆန်အိတ် ၁၀၀၊ ဆီပိဿာ ၅၀၀ နှင့် ပဲပိဿာ ၃၀၀ တို့အားပေးအပ်ရာ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက လက်ခံရယူခဲ့။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ ကဏ္ဍအသီးသီးမှ အနုပညာရှင်များနှင့် တွေ့ဆုံနေသည့်မှတ်တမ်းဓာတ်ပုံများ**













# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မရမ်းကုန်းမြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၃၁ ရက်တွင် ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ မရမ်းကုန်းမြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က–

- ဆီသယ်ယာဉ်၊ ရေသယ်ယာဉ်၊ အမှိုက်သိမ်းယာဉ်၊ ဆေးဖျန်းယာဉ်နှင့် မီးသတ်ယာဉ်များသည် တပ်မတော်အတွက်သာမက မိမိတို့နိုင်ငံတွင် လိုအပ်လျက်ရှိသည့် မြို့ပြစည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများတွင်လည်း အသုံးပြုနိုင်သည့်အတွက် အရည်အသွေးပြည့်မီစွာဖြင့် အရေအတွက်များများထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း။
- ယခုထက် ပိုမိုကောင်းမွန်ပြီး နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသည့် နည်းပညာမြင့်ကားများ ထုတ်လုပ်နိုင်ရေးအတွက်လည်း ဆက်လက်သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်းမှာကြားပြီးနောက် စက်ရုံအတွင်း မော်တော်ယာဉ်နှင့်ဆက်စပ်ပစ္စည်းများအား ခေတ်မီစက်ကိရိယာများနှင့်နည်းပညာများအသုံးပြု၍ ထုတ်လုပ်လျက်ရှိသည့်အခြေအနေများကိုလှည့်လည်ကြည့်ရှု၍ စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့။

မရမ်းကုန်းမြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံမှ ဂါလံ ၂,၀၀၀ နှင့် ၂,၂၀၀ ဆန့် မီးသတ်ယာဉ်၊ ရေသယ်ယာဉ်နှင့် ဆီသယ်ယာဉ်များ၊ အမှိုက်သိမ်းယာဉ်၊ ဆေးဖျန်းယာဉ်နှင့် မော်တော်ယာဉ် ဆက်စပ်ပစ္စည်းများဖြစ်သည့် Jeep Frame နှင့် Bolts & Nuts များအား ထုတ်လုပ်လျက်ရှိကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၁)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်အကြီးစားစက်ရုံလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးနေသည့်မှတ်တမ်းဓာတ်ပုံများ












- ဆီသယ်ယာဉ်၊ ရေသယ်ယာဉ်၊ အမှိုက်သိမ်းယာဉ်၊ ဆေးဖျန်းယာဉ်နှင့် မီးသတ်ယာဉ်များသည် တပ်မတော်အတွက်သာမက မိမိတို့နိုင်ငံတွင်လိုအပ်လျက်ရှိသည့် မြို့ပြစည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများတွင်လည်း အသုံးပြုနိုင်သည့်အတွက် အရည်အသွေးပြည့်မီစွာဖြင့် အရေအတွက်များများ ထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်လို။
- မရမ်းကုန်းမြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံမှ ဂါလံ ၂,၀၀၀ နှင့် ၂,၂၀၀ ဆန့် မီးသတ်ယာဉ်၊ ရေသယ်ယာဉ်နှင့် ဆီသယ်ယာဉ်များ၊ အမှိုက်သိမ်းယာဉ်၊ ဆေးဖျန်းယာဉ်နှင့် မော်တော်ယာဉ်ဆက်စပ်ပစ္စည်းများဖြစ်သည့် Jeep Frame နှင့် Bolts & Nuts များအား ထုတ်လုပ်လျက်ရှိ။

# မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးများကျင်းပ



နိုင်ငံတော်အစိုးရအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍအား အထူးအလေးထားဆောင်ရွက်လျက်ရှိရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ အထင်ကရခရီးစဉ်နေရာများသို့ သွားရောက်ကြည့်ရှုခဲ့ပြီး သက်ဆိုင်ရာဟိုတယ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည်-

- အောက်တိုဘာလ ၂၉ ရက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နှင့် မော်လမြိုင်မြို့တို့၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ခရီးသွားဧည့်သည်များတိုးတက်များပြားစွာ လာရောက်လည်ပတ်နိုင်ရေး ရေးရှု၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့။
- အောက်တိုဘာလ ၃၀ ရက်တွင် ခရီးသွားဧည့်သည်များ စိတ်ဝင်တစားလာရောက်လည်ပတ်လေ့ရှိသည့် သံဖြူဇရပ်မြို့နယ်ရှိ မြန်မာ-ထိုင်း သေမင်းတမန်မီးရထားလမ်းပြတိုက်၊ ခနသဟာယ စစ်သင်္ချိုင်း၊ စက်စဲကမ်းခြေနှင့် ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များ စုံစမ်းနိုင်ရန် Information Counter ဖွင့်လှစ်မည့် အဆောက်အဦသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။
- အောက်တိုဘာလ ၃၁ ရက်တွင် ဘားအံမြို့ရှိ Thiri Hpa-an Hotel ၌ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ကရင်ဇုန်)နှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ပြီး ပြည်နယ်တွင်းခရီးစဉ်ဒေသအသစ်များဖော်ထုတ်ရန်နှင့် ခရီးစဉ်များအား ရေရှည်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး ဘားအံမြို့ရှိ ဘားမဲတောင်သဘာဝဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။

ပြည်ထောင်စုဝန်ကြီးသည် တွေ့ဆုံဆွေးနွေးပွဲများတွင် ကိုဗစ်-၁၉ ဘေးအန္တရာယ်ကင်းရှင်းရေး စည်းကမ်းများနှင့်အညီ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ဗီဒီယိုဖိုင်အားပြသခဲ့ပြီး လူထုအခြေပြုခရီးသွားလုပ်ငန်းနှင့် ကျေးလက်လူနေမှုဘဝကို လေ့လာနိုင်သည့် ခရီးစဉ်များ ဖော်ထုတ်ရန်နှင့် ဒေသတွင်းရှိ အထင်ကရပြတိုက်များ၊ သဘာဝဥယျာဉ်များနှင့် ခရီးစဉ်များရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရန်ဆွေးနွေးခဲ့ပြီး လိုအပ်သည်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၁)**

- ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဟိုတယ်လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပြီး ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးမှုများပြုလုပ်ခဲ့။
- ပြည်ထောင်စုဝန်ကြီးသည် ဒေသတွင်းရှိ အထင်ကရနေရာများ၊ ပြတိုက်များ၊ ကမ်းခြေများနှင့် သဘာဝဥယျာဉ်များသို့ သွားရောက်စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် မှာကြားခဲ့။
- လူထုအခြေပြုခရီးသွားလုပ်ငန်းနှင့် ကျေးလက်လူနေမှုဘဝကို လေ့လာနိုင်သည့်ခရီးစဉ်များဖော်ထုတ်ရန်နှင့် ဒေသတွင်းရှိ အထင်ကရပြတိုက်များ၊ သဘာဝဥယျာဉ်များနှင့် ခရီးစဉ်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့။

## ကျန်းမာရေးဝန်ကြီးဌာနမှအသုံးပြုလျက်ရှိသည့် ကာကွယ်ဆေးထိုးသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်(VMIS)သည် Asian-Oceanian Computing Industry Organization (ASOCIO)အဖွဲ့အစည်းမှ ချီးမြှင့်သည့် Digital Government Award ဆုရရှိ

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုး လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ မှတ်တမ်းတင်ခြင်း၊ ကာကွယ်ဆေးသုံးစွဲမှုနှင့် ဆေးထိုးလုပ်ငန်းလွှမ်းခြုံမှုကိုကြီးကြပ်ခြင်း၊ ကာကွယ်ဆေးထိုးကတ်ပြားများထုတ်ပေးခြင်း စသည့်လုပ်ငန်းများအတွက် ကာကွယ်ရေးဝန်ကြီးဌာန၏ပံ့ပိုးမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှအသုံးပြုလျက်ရှိသည့် ကာကွယ်ဆေးထိုးသတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် ( Vaccination Management Information System- VMIS)သည် Asian Oceanian Computing Industry Organization (ASOCIO)အဖွဲ့အစည်းမှ ၂၀၂၁ ခုနှစ်အတွက်ပြုလုပ်သည့် ASOCIO ICT Award တွင် Digital Government Award ရရှိခဲ့ပါသည်။

ASOCIO အဖွဲ့အစည်းသည် အာရှနှင့်သမုဒ္ဒရာဒေသတွင်းရှိ နိုင်ငံများအတွင်း Information and Communications Technology-ICT နည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းဖြင့် ကုန်ထုတ်စွမ်းအား၊ အသက်မွေးဝမ်းကျောင်း၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများ တိုးမြှင့်လာစေရန် ရည်ရွယ်ပြီး ၂၀၂၁ ခုနှစ်တွင် ICT နည်းပညာအသုံးပြုမှု အမျိုးအစားငါးခုဖြစ်သော ASOCIO Outstanding Tech Company Award၊ ASOCIO Outstanding User Organization Award၊ ASOCIO Digital Government Award၊ ASOCIO Health Tech Award တို့ဖြင့် အဖွဲ့ဝင် ၂၄ နိုင်ငံမှ အမျိုးအစားအလိုက်ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၁)**

- ကျန်းမာရေးဝန်ကြီးဌာနမှအသုံးပြုလျက်ရှိသည့် ကာကွယ်ဆေးထိုးသတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် VMIS သည် ASOCIO အဖွဲ့အစည်းမှ ၂၀၂၁ ခုနှစ်အတွက်ပြုလုပ်သည့် ASOCIO ICT Award တွင် Digital Government Award ရရှိခဲ့။
- Information and Communications Technology-ICT နည်းပညာများကို ကျယ်ကျယ် ပြန့်ပြန့်အသုံးပြုခြင်းဖြင့် ကုန်ထုတ်စွမ်းအား၊ အသက်မွေးဝမ်းကျောင်း၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများ တိုးမြှင့်လာစေရန် ရည်ရွယ်ခဲ့။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူများအား လက်ခံနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခြင်းတို့အား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်-

- နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၄၆ ဦးနှင့် အမျိုးသမီး ၅၉ ဦး စုစုပေါင်း ၁၀၅ ဦးအား လက်ခံကုသပေးလျက်ရှိ။
- တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၃၁ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၈၁,၁၄၀ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၆၂,၃၇၇ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ အောက်တိုဘာလ ၃၁ ရက်တွင် ၁၃,၃၀၉ ဦးရှိခဲ့ပြီး စုစုပေါင်း ၉၈၄,၆၀၉ ဦးအား ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လက်အောက်ရှိ ဈေးစုစုပေါင်း ၁၈၄ ဈေးနှင့် ပုဂ္ဂလိကပိုင်ဈေး ၉၂ ဈေးအား နိုဝင်ဘာလ ၁ ရက်မှစတင်ကာ ပြန်လည်ဖွင့်လှစ်မည်ဖြစ်။
- နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ပျံသန်းဆင်းသက်ခြင်းနှင့်ပတ်သက်သည့် ယာယီကန့်သတ်ခြင်းဆိုင်ရာညွှန်ကြားချက်၏ သက်ရောက်ကာလကို ၃၀-၁၁-၂၀၂၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၃၁ ရက်တွင် ဓာတ်ခွဲနမူနာစုစုပေါင်း ၁၇,၀၈၄ ခုအားစစ်ဆေးခဲ့ပြီး၊ ပိုးတွေ့လူနာသစ် ၇၅၂ ဦးဖြင့် ပိုးတွေ့ရှိမှု ၄ ဒသမ ၄၀ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၃၁-၁၀-၂၀၂၁ ရက်အထိ ဓါတ်ခွဲနမူနာစုစုပေါင်း ၄,၈၆၆,၇၉၁ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၀၀,၀၇၃ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၈,၆၉၇ ဦးရှိကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၁-၁၁-၂၀၂၁)

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆောင်ရွက်နေသည့်မှတ်တမ်းဓာတ်ပုံများ




တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/ သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု




တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား အောက်တိုဘာလ ၃၁ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၈၁,၁၄၀ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၆၂,၃၇၇ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ အောက်တိုဘာလ ၃၁ ရက်တွင် ၁၃,၃၀၉ ဦးရှိခဲ့ပြီး စုစုပေါင်း ၉၈၄,၆၀၉ ဦးအား ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းနှင့်ပတ်သက်သည့် ယာယီကန့်သတ်ခြင်းဆိုင်ရာညွှန်ကြားချက်၏ သက်ရောက်ကာလကို ၃၀-၁၁-၂၀၂၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်။

# အကြမ်းဖက်သမားများ၏ ပြည်သူလူထုကိုဦးတည်၍ ပစ်မှတ်ထားတိုက်ခိုက်နေမှုကို ရှုတ်ချကြောင်း OMNI FOCUS ကုမ္ပဏီမှထုတ်ပြန်

အကြမ်းဖက်အဖွဲ့များဖြစ်သည့် CRPH၊ NUG နှင့် PDF အဖွဲ့များသည် စစ်ရေးပစ်မှတ်များမဟုတ်သည့် အရပ်ဘက်ပစ်မှတ်များကိုဦးတည်၍ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပါအဝင် အကြမ်းဖက်လုပ်ရပ်မျိုးစုံဖြင့် နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်ပျက်ပြားစေရန် ဦးတည်လုပ်ဆောင်လျက်ရှိပါသည်။

PDF အကြမ်းဖက်အဖွဲ့မှ အကြမ်းဖက်သမားတစ်ဦးသည် အောက်တိုဘာလ ၃၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆင်မလိုက်အဝေးပြေးမှတ်တိုင်အနီး၌ YBS ယာဉ်တစ်စီးအား မီးလောင်ဗုံးဖြင့် တိုက်ခိုက်ခဲ့သောကြောင့် မော်တော်ယာဉ် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပါသည်။

အဆိုပါ PDF တို့၏ အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်ခဲ့မှုအပေါ် YBS ယာဉ်လိုင်းပိုင်ရှင် OMNI FOCUS ကုမ္ပဏီမှ အထက်ပါဖြစ်စဉ်တွင် အစိုးရကိုဆန့်ကျင်ပါသည်ဟု ခေါင်းစဉ်တပ်ထားသောအဖွဲ့အစည်းများသည် အမှန်တကယ်တွင် အခြေခံလူတန်းစားပြည်သူများ နေ့စဉ်မဖြစ်မနေသွားလာရေးအတွက် အားထားနေရသော ယာဉ်လမ်းကြောင်းကို လူစီးအများဆုံးအချိန်အား ပစ်မှတ်ထားတိုက်ခိုက်ခြင်းမှာ အစိုးရနှင့် စိုးစဉ်းမျှမပတ်သက်သော ပြည်သူများသေကျေဒဏ်ရာရခြင်းကို ရည်ရွယ်ချက်ရှိရှိပြုလုပ်သည့် ပိန်ဖျင်းသေးသိမ်ယုတ်မာသောလုပ်ရပ်အဖြစ် ပြစ်တင်ရှုတ်ချကြောင်း လူမှုကွန်ရက်မှတစ်ဆင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် ယခင်ကလည်း ယခုကဲ့သို့ အများပြည်သူစီးနင်းလိုက်ပါလျက်ရှိသော ပုဂ္ဂလိကယာဉ်လိုင်းများကို မိုင်းထောင်တိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများကို လုပ်ဆောင်ခဲ့ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၁)**

## ခရီးသွားပြည်သူများအား အကြမ်းဖက်သူတို့၏ အန္တရာယ်မှ ကယ်တင်လိုက်နိုင်သော ကုမ္ပဏီဝန်ထမ်းများအား ကျေးဇူးတင်ရှိခြင်း

နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသည့် အုပ်စုခေါင်းဆောင်ဆိုသူများသည် သူတို့ကိုယ်သူတို့ အစိုးရလုပ်တမ်းကစားသော ကြေညာချက်များထုတ်ပြန်ခြင်းကို အင်္ဂလိပ် အက္ခရာ သုံးလုံး၊ လေးလုံးပါသည့် ဖြစ်သလိုအမည်များဖြင့် online ပေါ်တွင် ကျယ်ကျယ်လောင်လောင် ပြုလုပ်လာကြသော်လည်း တကယ့်အစိုးရစစ်စစ်တစ်ရပ် မဖြစ်မနေဆောင်ရွက်ရမည့် ကျန်းမာရေး၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေး၊ သောက်သုံးရေ၊ လျှပ်စစ်မီးရရှိရေးစသည့် ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်းလုံးဝမရှိဘဲ အလှူငွေ လိမ်ညာကောက်ခံခြင်းလုပ်ငန်းတစ်ခုတည်းကိုသာ ၎င်းတို့ပြည်ပတွင် ဖူလုံစွာအခြေချနိုင်ရန် ရည်သန်ကာ တစိုက်မတ်မတ် ပြုလုပ်နေကြသဖြင့် ၎င်းတို့အာဘော်များကို အများပြည်သူစိတ်ဝင်စားမှုနည်းပါးနေသောကြောင့်လည်းကောင်း၊ လျှပ်စစ်မီတာခ၊ အခြားအခွန်အခများ ပေးဆောင်ခြင်း မပြုရန် ခြိမ်းခြောက်နေသည့်ကြားမှ ကံငါးပါးကိုလေးစားစောင့်ထိန်းသော လုပ်သားပြည်သူများသည် ၎င်းတို့ပြောသလိုလိုက်မလုပ်ကြသည်ကိုမကျေမချမ်းဖြစ်လာသောကြောင့်လည်းကောင်း အများပြည်သူအပေါ်တွင် အငြိုးအာဃာတဖြင့် ပြစ်မှတ်ထားတိုက်ခိုက်မှုများကို လုပ်ကိုင်လာနေလျက်ရှိပါသည်။

စက်တင်ဘာ(၇)ရက်နေ့ကလည်း အဆိုပါအင်္ဂလိပ် အက္ခရာသုံးလုံး၊ လေးလုံး အမည်များ ပေါက်ပန်းဈေးလျှောက်တပ်ကာ မှည့်ခေါ်ထားသည့် CRPH၊ NUG၊ PDF စသည် စသည် အမည်ခံအဖွဲ့များက ခေါင်းဆောင်ဆိုသူက တိုက်ပွဲစတင်သောနေ့ဖြစ်ကြောင်း တတ်သလောက်မှတ်သလောက် ဗီဒီယို ရိုက်ကာခြောက်လှန့်ထုတ်လွှင့်ခဲ့သော်လည်း အများပြည်သူတို့သည် မိမိတို့ နိစ္စဓူဝ သွားလာလှုပ်ရှား ရောင်းဝယ်ဖောက်ကားပြုလုပ်နေခြင်းများ အနေအစားမပျက်ဆောင်ရွက်နေခြင်း၊ ခါကြီးရက်ကြီးများတွင် ဘုရားကျောင်းကန်များ၌ ကြက်ပျံမကျစည်ကားနေခြင်း၊ မိသားစု အားလပ်ရက်များတွင် အပန်းဖြေစခန်းများ နေရာပြည့်ခရီးထွက်ခြင်းများကို ကြားသိလာရသည့်အလျောက် ထိုဆန့်ကျင်ဘက် အဖွဲ့များသည် ပြည်သူတို့၏ ပုံမှန်ဘဝ လည်ပတ်နေရပ်မလားဟု ဆောက်တည်ရာမရဖြစ်ကာ အများပြည်သူအပေါ် တိုက်ခိုက်မှုများတိုးမြှင့်ရန် ကြိုးစားလာကြပြန်ပါသည်။

အောက်တိုဘာလ(၃၀)ရက်နေ့ နံနက်ပိုင်း(၁၀)နာရီ (၁၅)မိနစ်ခန့်တွင် မိမိတို့ ကုမ္ပဏီမှ အများပြည်သူသယ်ယူပို့ဆောင်ရေးဆောင်ရွက်ပေးနေသော ယာဉ်အမှတ် YGN 4P/1236 သည် ပုံမှန်တနင်္ဂနွေတစ်ရက်အတိုင်း ပြေးဆွဲလျက်ရှိပြီး မြို့နေပြည်သူလူထု မိသားစုဦးရေ (၈၀)ခန့် ကြောင့်ကြမဲ့ စီးနင်းလိုက်ပါနေရာမှ ကြည့်မြင်တိုင်မြို့နယ် ဆင်မလိုက်အဝေးပြေးမှတ်တိုင်အရောက်တွင် အထက်ကဖော်ပြခဲ့သော အမည်အက္ခရာ သုံးလုံး၊ လေးလုံးအဖွဲ့၏ ကြေညာချက်ပါ ညွှန်ကြားထားသည့်အတိုင်း ဆောင်ရွက်နေကြောင်း မသင်္ကာဖွယ်တွေ့ရှိရသည့် လူတစ်ဦး၏ အပြုအမူနှင့် ပြောဆိုပုံများသည် အဖျက်သမားတစ်ယောက်၏ ပြောဆိုလုပ်ကိုင်ပုံ ဖြစ်နေသည်ကို ကြားသိရသော ကုမ္ပဏီဝန်ထမ်းယာဉ်မောင်းသည် အဆိုပါအဖျက်သမားက မီးလောင်ဗုံးတစ်ခု ပေါက်ကွဲအောင်ကြိုးစားချိန်အမီ ၎င်းသတ်ဖြတ်ရန်ပစ်မှတ်ထားခံရသော ခရီးသည် (၈၀)ကျော်လုံးကို ကားပေါ်မှ ဘေးလွတ်ရာသို့ အမြန်ထွက်ခွာစေရန် ကျွမ်းကျင်စွာဆောင်ရွက်ပေးနိုင်သောကြောင့် ခရီးသည်အားလုံး (လုံးဝ) ထိခိုက်ခြင်းမရှိဘဲ မီးလောင်ဗုံး ပေါက်ကွဲချိန်တွင် ဘေးကင်းလုံခြုံရာသို့ ရောက်ရှိပြီးဖြစ်နေခဲ့ပါသည်။

အထက်ပါဖြစ်စဉ်တွင် အစိုးရကို ဆန့်ကျင်ပါသည်ဟု ခေါင်းစဉ်တပ်ထားသော အဖွဲ့အစည်းများသည် အမှန်တကယ်တွင် အခြေခံလူတန်းစားပြည်သူများ နေ့စဉ်မဖြစ်မနေ သွားလာရေးအတွက် အားထားနေရသော ယာဉ်လမ်းကြောင်းကို လူစီးအများဆုံးအချိန် ပစ်မှတ်ထားတိုက်ခိုက်ခြင်းမှာ အစိုးရနှင့်စိုးစဉ်းမျှ မပတ်သက်သော ပြည်သူများသေကျေဒဏ်ရာရခြင်းကို ရည်ရွယ်ချက်ရှိရှိ ပြုလုပ်သည့် ပိန်ဖျင်းသေးသိမ်ယုတ်မာသောလုပ်ရပ်အဖြစ် ပြစ်တင်ရှုတ်ချလိုက်ပါသည်။ အန္တရာယ်ကြုံလာလျှင် ကုမ္ပဏီပိုင်ပစ္စည်းဖြစ်သော ယာဉ်ကို အလေးမထားဘဲ ခရီးသွားပြည်သူများ၏ လုံခြုံရေးကိုသာ အစဉ်ဦးစားပေးရမည်ဟူသော မိမိတို့မူနှင့်အညီ စွမ်းစွမ်းတမံဆောင်ရွက်သွားခဲ့သော ယာဉ်မောင်းကို အထူးဂုဏ်ပြုမှတ်တမ်းတင်ပြီး အခင်းဖြစ်ရာသို့ အမြန်ဆုံးရောက်ရှိ တာဝန်ကျေပွန်ကြသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအားလည်း လေးစားကျေးဇူးတင်မိပါသည်။

အဖျက်သမားများ၏ ပြည်သူသို့ ခြိမ်းခြောက်ခြင်းများ မည်သို့ပင် ပြုလုပ်စေကာမူ မိမိကုမ္ပဏီမှ ဝန်ဆောင်မှုပေးလျက်ရှိသော ယာဉ်အစီး (၅၀၀)ခန့်စလုံးကို ပုံမှန်မပျက် အကောင်းမွန်ဆုံး ဝန်ဆောင်မှု၊ အမြင့်မားဆုံး လုံခြုံမှုအသိ သတိတို့ဖြင့် ဝါယမစိုက်ထုတ်ကာ ဆက်လက်ဆောင်ရွက်နေမည်ဖြစ်ကြောင်း တည်ကြည်စွာ ထပ်လောင်းအသိပေးအပ်ပါသည်။

- PDF အကြမ်းဖက်သမားတစ်ဦးသည် ကြည့်မြင်တိုင်မြို့နယ်၊ ဆင်မလိုက်အဝေးပြေးမှတ်တိုင်အနီး၌ YBS ယာဉ်တစ်စီးအား မီးလောင်ဗုံးဖြင့်တိုက်ခိုက်ခဲ့ရာ မော်တော်ယာဉ်မီးလောင်ပျက်စီးဆုံးရှုံးခဲ့။
- PDF တို့၏အကြမ်းဖက်လုပ်ရပ်သည် အစိုးရနှင့်စိုးစဉ်းမျှမပတ်သက်သော ပြည်သူများသေကျေဒဏ်ရာရခြင်းကို ရည်ရွယ်ချက်ရှိရှိပြုလုပ်သည့် ပိန်ဖျင်းသေးသိမ်ယုတ်မာသောလုပ်ရပ်အဖြစ် OMNI FOCUS ကုမ္ပဏီက ပြစ်တင်ရှုတ်ချ။

## အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်



**ပန်းတောင်းမြို့နယ်၌ နယ်မြေခံတပ်မတော်သားများက ကျောင်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု**

နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း အခြေခံပညာကျောင်းများအား ခေတ္တပိတ်ထားလျက်ရှိရာ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအတိုင်းအတာတစ်ခုအထိ ပြန်လည်ကျဆင်းလာပြီဖြစ်သည့်အတွက် ကျောင်းသား/သူများ စာသင်နှစ်တစ်နှစ် နစ်နာမှုမရှိစေရေးအတွက် အခြေခံပညာကျောင်းများအား နိုဝင်ဘာလ ၁ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ပါသည်။ ကျောင်းများဖွင့်ချိန်တွင် ကျောင်းသား/သူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ ကြိုတင်ပြင်ဆင်မှုများနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာလ ၃၁ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ၆ မြို့နယ်မှ စာသင်ကျောင်း ၆၈ ကျောင်း၊ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၈ မြို့နယ်မှ စာသင်ကျောင်း ၂၇ ကျောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်မှ စာသင်ကျောင်း ၄၃ ကျောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၆ မြို့နယ်မှ စာသင်ကျောင်း ၅၄ ကျောင်း၊ ကချင်ပြည်နယ်မှ မြို့နယ် ၆ မြို့နယ်ရှိ စာသင်ကျောင်း ၁၀ ကျောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်မှ စာသင်ကျောင်း ၃၁ ကျောင်းနှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၃ မြို့နယ်မှ စာသင်ကျောင်း ၉ ကျောင်း စုစုပေါင်း ကျောင်း ၂၄၂ ကျောင်းတို့၏ သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းဝင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းနှင့် ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းခြင်းများ စုပေါင်းဆောင်ရွက်ပေးခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၁)**

## အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းသာယာလှပသန့်ရှင်းရေးပြုလုပ်နေသည့်မှတ်တမ်းဓာတ်ပုံများ



ရေဖြူမြို့



ကျွန်းစုမြို့နယ်



ရေတာရှည်မြို့



နမ္မတူမြို့



ဒိုက်ဦးမြို့



ထန်းတပင်မြို့

## အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းသာယာလှပသန့်ရှင်းရေးပြုလုပ်နေသည့်မှတ်တမ်းဓာတ်ပုံများ



ပန်လုံမြို့




တနိုင်းမြို့



ရွှေကူမြို့



မြစ်ကြီးနားမြို့



တောင်ငူမြို့



ကျောက်ကြီးမြို့

## အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းသာယာလှပသန့်ရှင်းရေးပြုလုပ်နေသည့်မှတ်တမ်းဓာတ်ပုံများ





တောင်ကြီးမြို့





ကလောမြို့

- ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအတိုင်းအတာတစ်ခုအထိ ပြန်လည်ကျဆင်းလာပြီဖြစ်သဖြင့် ကျောင်းသား/သူများ စာသင်နှစ်တစ်နှစ် နစ်နာမှုမရှိစေရေးအတွက် အခြေခံပညာကျောင်းများအား နိုဝင်ဘာလ ၁ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်။
- ကျောင်းများဖွင့်ချိန်တွင် ကျောင်းသား/သူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ ကျောင်းဝင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းခြင်းများ စုပေါင်းဆောင်ရွက်ခဲ့။

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများ ဆက်လက်ပြုလုပ်




**အင်းစိန်မြို့နယ်၌ ဒေသခံပြည်သူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များအား ထောက်ခံကြိုဆိုနေမှု**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို အောက်တိုဘာလ ၃၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နှင့် ငပုတောမြို့၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ် စုစုပေါင်းမြို့နယ် ၅ မြို့နယ်၌ လူအင်အား ၁၆,၇၀၀ ဖြင့်ဆန္ဒဖော်ထုတ်ခဲ့ပါသည်။

ထိုသို့ဆန္ဒဖော်ထုတ်ရာတွင် "ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး၊ ပြည်ပအားကိုးပုဆိန်ရိုးများအား ဆန့်ကျင်ကြ၊ မြန်မာ့ပြည်တွင်းရေး ပြည်ပစွက်ဖက်မှု အလိုမရှိ၊ NUG၊ PDF ရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှု ချက်ချင်းရပ်"စသည့် စာသားဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၁)**

- **တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိမြို့နယ် ၅ မြို့နယ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများ ပြုလုပ်၍ ဆန္ဒဖော်ထုတ်။**
- **ဆန္ဒဖော်ထုတ်ရာတွင်"ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး၊ ပြည်ပအားကိုးပုဆိန်ရိုးများအားဆန့်ကျင်ကြ၊ မြန်မာ့ပြည်တွင်းရေး ပြည်ပစွက်ဖက်မှုအလိုမရှိ။ NUG၊ PDF ရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှု ချက်ချင်းရပ်"စသည့် စာသားဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့။**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများပြုလုပ်နေသည့် မှတ်တမ်းဓာတ်ပုံများ




ကျိုက်လတ်မြို့နယ်




ငပုတောမြို့နယ်



သာယာဝတီမြို့နယ်




ချမ်းမြသာစည်မြို့နယ်